**နိဗ္ဗာန်မရောက်ကြောင်းတရား(၅)ပါး**

၁။ ကုသိတ = မှားယွင်းသောကြံစည်မှုတို့ဖြင့်ယှဉ်နေခြင်း

မှားယွင်းသောကြံသည်မှုသုံးမျိုး

(က) ကာမဝိတက် = ကာမဂုဏ်တို့ကို ကြံစည်တွေးတောနေခြင်း (လောဘ)

(ခ) ဗျာပါဒဝိတက် = သူတစ်ပါးတို့၏ပျက်စီးမှုကို ကြံစည်တွေးတောနေခြင်း (ဒေါသ)

(ဂ) ဝိဟိံသဝိတက် = သူတစ်ပါးတို့အားညှင်းဆဲမှုကို ကြံစည်တွေးတောနေခြင်း (ဒေါသ)

၂။ ဟီနဝီရိယ = လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါး၌ အားထုတ်မှု၊ ကြိုးစားမှု မရှိခြင်း

၃။ ထိန မိဒ္ဓ ဗဟုလ = ထိုင်း၊ မှိုင်းမှုများခြင်း၊ ကိုယ်စိတ်နှစ်ပါးမကြည်မလင်ဖြစ်မှုများခြင်း

၄။ အဟိရိက = မကောင်းမှုပြုလုပ်ရမည်ကို မရှက်ခြင်း

၅။ အနာဒရ = ကောင်းမွန်မှန်ကန်သော အကျင့်မြတ် ပဋိပတ်၌ ရိုသေလိုက်နာမှု မရှိခြင်း

ထိုငါးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မြတ်သောနိဗ္ဗာန်သို့ မရောက်နိုင်။

**နိဗ္ဗာန်ရောက်ကြောင်းတရား(၄)ပါး**

၁။ သမာဓိ = သတိပဋ္ဌာန်လေးပါးတို့၌ အမြဲမပြတ် သတိကပ်နေသူ

၂။ နိပက = ကမ္မဋ္ဌာန်း၌ မပြတ်အားထုတ်လေ့ရှိသောဉာဏ်နှင့်ပြည့်စုံသူ

၃။ ဈာယီ = အာရမ္မဏူပနိဇ္ဈာန (အာရမ္မဏ+ဥပနိဇ္ဈာန) သမထဈာန်

လက္ခဏူပနိဇ္ဈာန (လက္ခဏာ+ဥပနိဇ္ဈာန) ဝိပဿနာဈာန်

ယင်း ၂–ပါးတို့နှင့်ပြည့်စုံသူ

၄။ သံယောဇနံဇာတိဇရာယဆေက = မွေးသေဒုက္ခကိုဖြစ်စေတတ်သည့် သံယောဇဉ်ကိုဖြတ်နိုင်သူ

ထိုလေးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မြတ်သောနိဗ္ဗာန်သို့ ရောက်နိုင်၏။

ကျမ်းကိုး– အာတာပီသုတ်၊ ဣတိဝုတ်ပါဠိတော် (နှာ–၂၁၄)